# ကမ္ဘာ့နောက်ဆုံးဓမ္မနေ့ရက်များ

YR C NO. 51

အလွတ်ကျမ်းချက်။ ။ ရှင်ယောဟန်ခရစ်ဝင် ၁၄း၁-၃
“တဖန်တုံယေရှုက၊ သင်တို့ စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်း ယုံကြည်ကြလော့။ ငါ့အဘ၏အိမ်တော်၌ နေစရာအခန်းများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကိုသင်တို့အား ငါ မပြောဘဲမနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။ ငါသည်သွား၍ သင်တို့ပြင်ဆင်စရာအရပ်ကိုပြင်ဆင်ပြီးမှ တဖန်လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။”





## တနင်္ဂနွေနေ့ ၊ စုံစမ်းစစ်ဆေးရာ တရားစီရင်ခြင်း ၁

ဗျာဒိတ်ကျမ်း ၁၄ ၏ ပထမကောင်းကင်တမန်က ကမ္ဘာပေါ်ရှိလူများအား “ဘုရားသခင်ကို ကြောက်ရွံ့၍ သူ၏ဘုန်းတော်ကို ချီးမွမ်းထင်ရှားစေခြင်းငှာ” သတိပေးထားသည်။ သို့သော် ၎င်းသည် ဘုရားသခင်ကို ကြောက်ရွံ့ဖို့ရန်နှင့် သူ့ကိုချီးမွမ်းရန် အမြဲတမ်း အခွင့် ရရှိနေပါသည်၊ ၎င်းသည် အမြဲမှန်ကန်နေပါသည်။ ဤမိန့်တော်မူချက်ကို အချိန်ကာလကုန်ခါနီးတွင် အဘယ်ကြောင့် ဤကဲ့သို့အရေးတကြီး ကမ္ဘာတစ်ခွင်လုံးအား ပေးအပ်ရသနည်း။ ဗျာဒိတ်ကျမ်း ၁၄း၆၊ ၇။

တစ်နေ့နေ့တွင် ဘုရားသခင်သည် အပြစ်ကို ထာဝရဖျက်ဆီးပစ်လိမ့်မည်။ သူသည် လူများအား များနိုင်သမျှများအောင် ကယ်တင်ချင်နေသော်ငြားလည်း သူ့အပေါ်သစ္စာရှိသောသူတို့ကိုသာ ကယ်တင်နိုင်ပါသည်။ ပုန်ကန်သောသူများသည် သူတို့သည် ကယ်တင်ခြင်းသို့ရောက်လျှင် ကောင်းကင်သို့ အပြစ်ကို ယူကြလိမ့်ပေမည်။ ထိုကြောင့် သခင်ယေရှုခရစ်တော်ကြွမလာခင်တွင် တရားစီရင်ခြင်းတစ်ခု ရှိရမည်။ တမန်တော်ဝတ္ထု ၁၇း၃၁။

ဤအရာကို စုံစမ်းစစ်ဆေးရာတရားစီခြင်း ဟုခေါ်သည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဘုရားသခင်ကို သစ္စာရှိသည်ဟု ဆိုသောသူတို့၏မှတ်တမ်းများကို စုံစမ်းစစ်ဆေးသည်။ ထိုကဲ့သို့သော ပြောဆိုမှုများကို တစ်ခါမျှမပြုလုပ်ခဲ့ဖူးသူများအား နောက်ပိုင်းတွင် တရားစီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

မြေကြီးတဲတော်အမှုများသည် ဤနောက်ဆုံးအချိန်ကာလတရားစီရင်ခြင်းကို နားလည်ရန် ကျွန်ုပ်တို့အား ကူညီပေးသည်။ နှစ်ပတ်လည်အပြစ်ဖြေရာနေ့တွင် ယဇ်ပရောဟိတ်မင်းသည် အသန့်ရှင်းဆုံးအခန်းထဲသို့ ဝင်ပြီး ဝန်ချထားသောအပြစ်များနှင့် ပြီးခဲ့သောနှစ်အတွင်း ပြုလုပ်ခဲ့သောအပြစ်များကို လွှဲပြောင်းခဲ့သည့်အပြစ်များကိုသာ ဖယ်ရှားပေးခဲ့သည်။

အလားတူပင် ကျွန်ုပ်တို့၏အမြင့်ဆုံးသောယဇ်ပရောဟိတ်မင်းဖြစ်သော သခင်ယေရှုသည် ၁၈၄၄ ခုနှစ်၊ အောက်တိုဘာ ၂၂ တွင် ကောင်းကင်တဲတော်၏အသန့်ရှင်းဆုံးအခန်းသို့ ဝင်သွားခဲ့ပြီး စုံစမ်းစစ်ဆေးရာတရားစီရင်ခြင်းကို စတင်ခဲ့သည်။ သူတို့၏အပြစ်များကို စိတ်ရင်းမှန်ဖြင့်ဝန်ချတောင်းပန်ပြီး ယေရှုအပေါ်သစ္စာရှိခဲ့သူအားလုံး၏အမည်မှာ အသက်စာစောင်တွင် ကျန်ရှိသည်။ ဗျာဒိတ်ကျမ်း ၃း၅။ အခြားသောသူတို့၏အမည်များအားလုံးကို ဖယ်ရှားသည်။ ထွက်မြောက်ရာကျမ်း ၃၂း၃၃။

အချို့လူတို့သည် မိမိတို့၏အပြစ်အားလုံးကို ဝန်ချတောင်းပန်၍ စစ်မှန်သောနောင်တရရှိခဲ့ကြသည်၊ ထိုသူတို့၏အပြစ်မှတ်တမ်းများကို ဖျက်ပစ်လိုက်မည်ဖြစ်သည်။ သူတို့၏ကောင်းသောအပြုအမူအကျင့်၊ လုပ်ဆောင်မှုများသာ မှတ်တမ်းများတွင် ကျန်ရစ်ခဲ့မည်ဖြစ်ပြီး၊ သူတို့သည် ကယ်တင်ခြင်းခံရကြမည်ဖြစ်သည်။ ယေဇကျေလအနာဂတ္တိကျမ်း ၁၈း၂၁၊ ၂၂။ သို့သော် ဘုရားသခင်နောက်လိုက်သည်ဟု ဆိုသော်လည်း၊ သူတို့၏ကိုယ်ပိုင်လမ်းကိုရွေးချယ်နေဆဲသူများသည် အဘယ်သို့ဖြစ်မည်နည်း။ သူတို့၏ကောင်းသော အကျင့်များကို ပယ်ရှင်းလိမ့်မည်။ သူတို့၏အပြစ်များမှတ်တမ်းသည်သာ ကျန်ရစ်လိမ့်မည်၊ သူတို့သည် ပျက်စီးခြင်းသို့ ရောက်ရှိလိမ့်မည် ဖြစ်သည်။ အငယ် ၂၃၊ ၂၄၊ ရှင်မဿဲခရစ်ဝင် ၇း၂၁-၂၃။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့သည် ဤဓမ္မအချိန်တွင် မည်သို့အသက်ရှင်နေထိုင်နေသင့်သနည်း။ သက်သာလောနိတ်ဩဝါဒစာ ပဌမစောင် ၅း၂၃။ သန့်ရှင်းခြင်းဆိုသည်မှာ ဘုရားသခင်က ကျွန်ုပ်တို့ကို အပြစ်တရားကို မုန်းတီးခြင်းနှင့် ဖြောင့်မတ်ခြင်းတရားကို မြတ်နိုးခြင်းကို ပေးသော လုပ်ငန်းစဉ်ဖြစ်သည်။ ၎င်းသည် ဘုရားသခင်ထံ နေ့စဉ်အပ်နှံခြင်း၊ နှုတ်ကပတ်တော်ကို လေ့လာခြင်း၊ နောင်တရခြင်းနှင့် ဝန်ခံခြင်းတို့မှ လာသည်။ ဖိလိပ္ပိဩဝါဒစာ ၃း၁၃၊ ၁၄၊ ရှင်ယောဟန်ခရစ်ဝင် ၁၇း၁၇၊ ၁၉။

## တနင်္လာနေ့ ၊ “သေးငယ်သော” အပြစ်များ ၂

ကျွန်ုပ်တို့သည် လူပုဂ္ဂိုလ်တစ်ဦးစီ၏ ထာဝရကံကြမ္မာကို ဆုံးဖြတ်သည့်အချိန်ဖြစ်သော စစ်မှန်သောအပြစ်ဖြေခြင်းနေ့၌ အသက်ရှင် နေထိုင်နေကြပါသည်။ ၎င်းသည် အဘယ်အချိန်တွင် အဆုံးသတ်မည်ကို ကျွန်ုပ်တို့ မသိပါ၊ သို့သော်လည်း “အမှုပြီးဆုံးပြီ” ဟု မကြာမီ သခင်ယေရှု ပြောဆိုလိမ့်မည်ကို ကျွန်ုပ်တို့သိထားကြပါသည်။ ထို့နောက် ဂရုဏာအချိန်ကာလသည် အဆုံးသတ်လိမ့်မည်။ အပြစ်ခွင့်လွှတ်ခြင်းကို သခင်ယေရှုက ကမ်းလှမ်းတော့မည် မဟုတ်တော့ပေ၊ အဘယ်ကြောင့်ဆိုသော် လူများအားလုံးတို့သည် မိမိတို့၏ နောက်ဆုံးဆုံးဖြတ်ချက်များကို လုပ်ဆောင်ခဲ့ပြီးဖြစ်မည် ဖြစ်သောကြောင့် ဖြစ်သည်။ လူများအားလုံးသည် အပြစ်ကိုအောင်နိုင်ရန် သခင်ယေရှု၏ တန်ခိုးတော်ကိုလက်ခံကြလိမ့်မည်၊ သို့မဟုတ် သခင်ယေရှုကို ငြင်းပယ်ကြလိမ့်မည်၊ သို့မဟုတ် မိမိတို့၏အပြစ်များကို ဆက်လက်ကိုင်စွဲကြလိမ့်မည်။



သို့သော် သခင်ယေရှုခရစ်တော် ကြွလာတော်မမူခင်တွင် ဘုရားသခင်ကို သစ္စာရှိသောသူများသည် အလွန်ခက်ခဲသောအချိန် ကာလအချို့ကို တွေ့ကြုံဖြတ်ကျော်ကြရလိမ့်မည်ဟု သမ္မာကျမ်းစာမှာ ဖော်ပြထားပါသည်။ မတရားသောလူဆိုးများသည် သူတို့အားလုံးကို သတ်ဖို့တောင် ကြံစည်ကြလိမ့်မည်ဖြစ်သည်။

ဖြောင့်မတ်သောသူတို့သည် နှိပ်စက်ညှဥ်းပန်းခြင်းဖြစ်စေ၊ သေခြင်းဖြစ်စေ ကြောက်ရွံ့ကြလိမ့်မည် မဟုတ်ပေ။ ကြောက်ရွံ့ကြမည့်အစား၊ သူတို့သည် မိမိတို့၏အပြစ်အားလုံးကို နောင်တမရခဲ့ခြင်းအားဖြင့် ဘုရားသခင်ကို မရိုသေမှုဖြစ်စေမှာကို ကြောက်ကြလိမ့်မည်။ စာတန်သည် သူတို့အား ကြောက်မက်ဖွယ်ကောင်းသောအတွေးအခေါ်များဖြင့် စိတ်ဓာတ်ကျစေရန်နှင့် ကြောက်လန့်စေရန် ကြိုးစားလိမ့်မည်။ စာတန်က “သင်ကျူးလွန်ခဲ့သောအပြစ်များအားလုံးကို စဥ်းစားပါ၊ သင်သည် ကယ်တင်ခြင်းသို့ အသေအချာ မရောက်နိုင်ဘူး၊” ဟု မခံချင်အောင် ထိကပါးရိကပါးပြောလိမ့်မည်။

သို့သော် ဖြောင့်မတ်သောသူတို့သည် ဝန်ခံခြင်းမရှိသောအပြစ်တစ်ခုကိုပင် အောက်မေ့သတိမရနိုင်ဘဲ၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ကတိတော်များကို စွဲမြဲစွာ ဆက်လက်ဆုပ်ကိုင်ထားနိုင်ကြသည်။ ဤအချိန်ကို “ယာကုပ်၏ဘေးရောက်သောကာလ” ဟုခေါ်သည်။ ယေရမိအနာဂတ္တိကျမ်း ၃၀:၇။ ယာကုပ်သည် ဧသောက သူ့ကိုသတ်ဖို့ရန် စီစဥ်သည်ကို ကြားသောအခါ၊ အကူအညီအတွက် ဘုရားသခင်ကို တောင်းလျှောက်ခဲ့သည်။ ထို့နောက် အဘယ်သို့ဖြစ်ပျက်ခဲ့သည်နည်း။ ကမ္ဘာဦးကျမ်း ၃၂း၂၄-၃၀။

ဖြောင့်မတ်သောသူတို့သည်လည်း အလားတူ အတွေ့အကြုံကို ခံစားရလိမ့်မည်။ သူတို့သည် သူတို့အပြစ်ကျူးလွန်ခဲ့သည်ကို သိကြသည်၊ သို့သော် သူတို့သည် မှန်ကန်စွာနောင်တရပြီး၊ မိမိတို့၏အပြစ်များအားလုံးကို ဝန်ချတောင်းပန်ခဲ့ကြသည်။ သူတို့သည် မြော်လင့်ခြင်းကင်းမဲ့သည်ဟု ခံစားမည်ဆိုသော်လည်း ဘုရားသခင်ကို ဆုတောင်းခြင်းနှင့် ယုံကြည်ကိုးစားကို စွန့်လွှတ်ရန် ငြင်းပယ်ကြလိမ့်မည်။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့သည် ဘေးဒုက္ခအချိန်ကာလအတွက် အဆင်သင့်ဖြစ်နိုင်ပါသလား။ ဆုတောင်းခြင်းအားဖြင့်၎င်း၊ နောင်တရခြင်းနှင့် အပြစ်တိုင်းကို စွန့်လွှတ်ခြင်းအားဖြင့်၎င်း၊ ဘုရားသခင်နှင့် သူ၏ကတိတော်များကိုယုံကြည်ခြင်းနှင့် နေ့စဥ်ကျင့်ဆောင်ခြင်းအားဖြင့်၎င်း ကျော်ဖြတ်နိုင်မည်ဖြစ်ပါသည်။

## သောကြာနေ့ ၊ နောက်ဆုံးတွင် ကယ်လွတ်ခြင်း ၆

ဘေးဒုက္ခရောက်သော အချိန်ကာလအတွင်းတွင်၊ ဘုရားသခင်သည် မိမိလူတို့ကိုချစ်၍ စောင့်ရှောက်ကာကွယ်လိမ့်မည်၊ သူသည် သူတို့အား ကယ်လွတ်လိမ့်မည်။ ကျွန်ုပ်တို့သည် နောက်တစ်ခါဖြစ်ပျက်မည့် အရာများ၏ အစိတ်အပိုင်းဖြစ်သည်ဟု မြင်ယောင်ကြည့်ပါ။

ကျွန်ုပ်တို့သည် ဆုတောင်းနေစဥ် မတရားသောလူဆိုးတို့သည် ကျွန်ုပ်တို့ကို သတ်ရန် မြန်မြန်ပြေးလာကြသည်။ ရုတ်တရက်၊ အမှောင်ထုဖြစ်လေ၏။ ထို့နောက် ကျွန်ုပ်တို့၏ရန်သူတို့သည် ဆုတောင်းနေသော အုပ်စုတစ်စုစီကို ဘုရားသခင်၏ဘုန်းတော်နှင့် ထွန်းလင်းသောသက်တံကို မြင်တွေ့ကြရသည်။ ကောင်းကင်က ဘုန်းကြီးသောအသံတစ်ခုက “မျှော်ကြည့်လော့” ဟု ပြောသည်ကို ကြားရ၏။ ကျွန်ုပ်တို့ မျှော်ကြည့်လိုက်သည့်အခါ ကောင်းကင်တွင် ယေရှုခရစ်တော်ကို မြင်တွေ့ရပြီး “အိုအဘ၊ ကိုယ်တော်သည် အကျွန်ုပ်အား ပေးတော်မူသောသူတို့သည်လည်း အကျွန်ုပ်ရှိရာအရပ်၌ရှိစေခြင်းငှါ အကျွန်ုပ်အလိုရှိပါ၏” ဟု သခင်ယေရှုခရစ်တော်ပြောဆိုသည်ကို ကျွန်ုပ်တို့ကြားရလေသည်။ (ရှင်ယောဟန်ခရစ်ဝင် ၁၇း၂၄)

ညသန်းခေါင်ယံအချိန်နေဖြစ် သော်လည်း၊ နေခင်းမွန်းတည့်အချိန်၌ကဲ့သို့ နေရောင်သည် ရုတ်တရက်ထွန်းလင်းတောက်ပနေသည်။ ထိုအခါ အရာအားလုံးသည် ပြင်းထန်စွာဖြင့် စတင်တုန်လှုပ်ခဲ့သည်။ မြေကြီးသည် ပင်လယ်လှိုင်းများကဲ့သို့ ယိုဖိတ်နေ၏။ တောင်များနှင့် ကျွန်းတို့သည် ပျောက်ကွယ်သွားလေ၏။ ရေမမိုးသီး၊ မိုးကြိုးများသည် လေကိုဖြတ်၍ ကြီးမားသော ဈေးကြီးသောအဆောက်အဦးများထဲသို့ ထိုးဖောက်ဝင်ရောက်သွားပြီး၊ အဆောက်အဦးများကို ချက်ချင်းပြိုလဲပျက်စီးသွားစေလေသည်။ ထောင်နံရံများပြိုလဲသွားသည်နှင့်အမျှ သစ္စာရှိသောယုံကြည်သူများသည် ရုတ်တရက် လွတ်မြောက်လာလေသည်။ ဗျာဒိတ်ကျမ်း ၆း၁၄၊ ၁၆း၁၈-၂၁။



Amazing Facts

ကွဲပြားခြားနားသောလူစုနှစ်စု ထမြောက်လာသည်ကို ကျွန်ုပ်တို့ကြည့်ရှုနေကြသည်။ အုပ်စုတစ်စုတွင် သခင်ယေရှုနှင့် သူ့လူများကို ရက်စက်စွာနှိပ်စက်ညှဥ်းပန်းသူများ ပါဝင်သည်။ ဗျာဒိတ်ကျမ်း ၁း၇။ သူတို့နှင့် လူဆိုးများသည် အဘယ်အရာကိုလုပ်ဆောင်ရန် ကြိုးစားကြသနည်း။ ဗျာဒိတ်ကျမ်း ၁၅-၁၇။

တတိယကောင်းကင်တမန်၏သတင်းစကားကို ယုံကြည်၍ နာခံလိုက်လျှောက်ခဲ့သောသူတို့သည်လည်း ထမြောက်လာသည်။ ထို့အပြင် သူတို့သည် ဝမ်းမြောက်ကြလေ၏။ “ထာဝရဘုရားသခင်သည် ငါတို့၏ခိုလှုံရာနှင့် ခွန်အားကိုပေးတော်မူ၏” ဟု ကျွန်ုပ်တို့အားလုံးက “ဘေးဒုက္ခရောက်သောအချိန်၊ အခက်အခဲများကြုံတွေ့ရစဥ်တွင် ကူညီပေးခဲ့သည်” ဟု ပြောဆိုကြလိမ့်မည်။ ဆာလံကျမ်း ၄၆း၁-၃။ ထို့နောက် သူ၏ဥပုသ်နေ့ကို သန့်ရှင်းစွာစောင့်ထိန်းသောသူတို့ကို ကောင်းချီးပေးသည်နှင့်အမျှ၊ ဘုရားသခင်၏အသံကို ကျွန်ုပ်တို့ ကြားရကြသည်။

ထွန်းလင်းတောက်ပသောမိုဃ်းတိမ်ဖြင့်သော်၎င်း၊ ကောင်းကင်တမန်များအုပ်စုကြီးဖြင့်သော်၎င်း၊ ကျွန်ုပ်တို့၏ကမ္ဘာသို့ သခင်ယေရှုခရစ်တော်ကြွလာတော်မူသည်ကို ကျွန်ုပ်တို့ကြည့်ရှုနေကြသည်။ သူ၏ အဖိုးတန်သောသူများ၊ သစ္စာရှိသောသောသူများ၊ သေလွန်သူများကို အသက်ပြန်ရှင်စေရန် ခေါ်တော်မူသော သခင်ယေရှု၏အသံကို ကျွန်ုပ်တို့ကြားရသည်။ “မြေမှုန့်ထဲ၌အိပ်နေသောသူတို့ ထလော့၊ ထလော့၊ ထလော့။ သူတို့သည် ထမြောက်ကြလေ၏” ရှင်မဿဲခရစ်ဝင် ၂၄း၃၀၊ ၃၁။

ယေရှုသည် ဤအချိန်ခဏလေးအတွက် အချိန်ကြာညောင်းစွာနှင့် စိတ်အားထက်သန်စွာ စောင့်နေခဲ့ရသည်။ ကမ္ဘာအနှံ့ရှိအားလုံးမှ သန်းပေါင်းများစွာသောအမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးများတို့သည် သူတို့၏သင်္ချိုင်းဂူထဲမှ ထွက်လာကြ၏။ အပြစ်၏ ကြောက်မက်ဖွယ်ကောင်းသောအကျိုးရလဒ်များ၏ သဲလွန်စတစ်ခုပင် သူတို့ တစ်ဦးတစ်ယောက်ထံတွင် မရှိတော့ချေ။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၁၅း၅၅။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့သည် သခင်ယေရှုကို ယုံကြည်ကိုးစားသောအခါ သေခြင်းတရားကို ကြောက်စရာ လိုအပ်ပါသလား။ သက်သာလောနိတ်ဩဝါဒစာ ၄း၁၃-၁၈။

© ၂၀၂၃ - My Bible First
www.mybiblefirst.org sales@mybiblefirst.org



အလွန်ပင် ဓမ္မကျသောစဥ်းစားစရာ ဖြစ်ပါသည်။

သင်သည် အပြစ်များအကြောင်းကို စဥ်းစားသောအခါ များသောအားဖြင့် ကျွန်ုပ်တို့မှားယွင်းနေသည်ဆိုသောထင်ရှားသောအရာများကို စဥ်းစားလေ့ရှိသလား။ သို့မဟုတ် “သေးငယ်သော” အရာများကိုလည်း သင်စဥ်းစားမိပါသလား။ "သေးငယ်သော" အပြစ်များသည် အမှန်တကယ် မကြီးလေးဟု ထင်မြင်ရန် အလွန်လွယ်ကူသည်။ ထိုကဲ့သို့ထင်မြင်ရန် စာတန်က ကျွန်ုပ်တို့ကို အလိုရှိပါသည်။

အားလုံးသောခရစ်ယာန်များက လူ့အသက်သတ်ခြင်း၊ ခိုးခြင်းနှင့် ဆဲဆိုခြင်းများသည် အပြစ်ဖြစ်သည်ဟု လက်ခံသဘောတူကြသည်။ သို့သော် "သေးငယ်သော" ထက်ဝက်မျှသောလိမ်ညာမှုကော အဘယ်သို့နည်း။ ကျွန်ုပ်တို့ပြောဆိုသည့်စကားမှန်လျှင်ပင် သူတစ်ပါးကို အပြစ်ရှာဝေဖန်ခြင်းကော အဘယ်သို့နည်း။ အခြားသူများကို လှောင်ပြောင်ခြင်းနှင့် ပြက်လုံးများပြောခြင်းကား အဘယ်သို့နည်း။ အချိန်ဖြုန်းတီးခြင်း သို့မဟုတ် ငွေဖြုန်းတီးခြင်းကား အဘယ်သို့နည်း။ မှားယွင်းသောအကြံအစည်၊ အတွေးအခေါ်များကို စဥ်းစားခြင်းကား အဘယ်သို့နည်း။ ကျွန်ုပ်တို့ကို ကောင်းမွန်စွာ မဆက်ဆံသောလူများကို မနာလိုစိတ်ဖြစ်ခြင်းနှင့် မကောင်းထင်မြင်ခြင်းကား မည်သို့နည်း။ ရှင်မဿဲခရစ်ဝင် ၁၂း၃၆၊ ၃၇၊ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၁၀ႏ၅၊ ဒေသနာကျမ်း ၁၂း၁၃၊ ၁၄။

ကျွန်ုပ်တို့သည် မိမိတို့ရွေးချယ်မှုများအကြောင်းနှင့်ပတ်သက်၍ နေ့စဥ်နေ့တိုင်း အလေးအနက်ထားရန် လိုအပ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် စာတန်သည် ကျွန်ုပ်တို့ကို အပြစ်လုပ်မိစေမည့်အရာများ မှန်သမျှကို လုပ်မိရန် အလုပ်လုပ်နေပါသည်။ သူ့အတွက် အချိန်အနည်းငယ်မျှသာ ကျန်တော့သည်ကို သူသိပါသည်၊ အချိန်စက္ကန့်တိုင်းတွင် ၎င်းကို အသုံးချနေပါသည်။ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၅း၈၊ ဗျာဒိတ်ကျမ်း ၁၂း၁၂။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့သည် ထိုကဲ့သို့သော အလွန်အရေးကြီးသည့်ဓမ္မအချိန်၌ အသက်ရှင်နေထိုင်သည်ကို မေ့လျော့ရန်လွယ်ကူသည်။ သို့သော် ကျွန်ုပ်တို့၏ အပြစ်များကို ဝန်ချတောင်းပန်ခြင်းနှင့် စွန့်လွှတ်ခြင်းကို ဘယ်တော့မှ မရှောင်သင့်ပါ။ ကောရိန္သု ဩဝါဒစာ ဒုတိယစောင် ၆း၂၊ ရှင်ပေတရုဩဝါဒစာ ဒုတိယစောင် ၃း၁၁၊ ၁၄။ ကျွန်ုပ်တို့ကို စောင့်မျှော်နေသောယေရှုခရစ်သည် ထာဝရပျော်ရွှင်ခြင်းအသက်တာကို ကျွန်ုပ်တို့အား မလွတ်စေချင်ပါ။

## အင်္ဂါနေ့ | ကျွန်ုပ်တို့၏တစ်ခုတည်းသောမျှော်လင့်ခြင်း၊ ယေရှုခရစ် ၃

စာတန်၏ထောင်ချောက်များထဲမှ တစ်ခုမှာ ကျွန်ုပ်တို့အား အပြစ်တရားကို ကျော်လွှားနိုင်သည့်အလုပ်ကို “နက်ဖြန်” အထိတိုင် ဖယ်ရှားပစ်ရန် ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် အလေးအနက်ထားရမည့်ဓမ္မအချိန်ကာလတွင် အသက်ရှင်နေကြပြီး၊ အပြစ်တစ်ခုကိုပင် အောင်မြင်ကျော်လွှားဖို့ရန် ဘယ်တော့မှ မနှောင့်နှေးသင့်ပေ။

စာတန်တွင် နောက်ထပ်အန္တရာယ်ရှိသော ထောင်ချောက်တစ်ခုရှိသည်။ သူသည် လူများအား မျှော်လင့်ချက်ကင်းမဲ့ခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ခံစားရန် ကြိုးစားလုပ်ဆောင်သည်။ လူတို့အား သခင်ယေရှုနှင့်တူရန် ကြိုးစားခြင်းကို စွန့်လွှတ်နိုင်လျှင် သူအနိုင်ရသည်ကို သူသိသည်။ လူအများစုက ဘုရားသခင်သည် သူတို့ကို ကောင်းကင်မှနေ၍ စောင့်ရှောက်ရန်တတ်နိုင်သမျှ လုပ်ဆောင်ပေးနေသည်ဟုပင် ယုံကြည်လာကြသည်။ သို့သော် အဘယ်သူက ဘုရားသခင်၏လူများကို အမှန်တကယ်တိုက်ခိုက်နေသနည်း။ ထို့အပြင် အဘယ်သူသည် သူတို့အတွက် အမှုလုပ်ဆောင်ပေးနေသနည်း။ ဇာခရိအနာဂတ္တိကျမ်း ၃း၁-၇၊ ဟေဗြဲဩဝါဒစာ ၄း၁၄-၁၆၊ ၇း၂၅။



Darrel Tank

လွန်ခဲ့သောနှစ်ပေါင်းများစွာက ထိုသို့သောတူညီသောခံစားချက်မျိုးရှိသည့် ချစ်စရာကောင်းသော ခရစ်ယာန်အမျိုးသမီး မစ္စစ် အက်ခ်မန် (Mrs. Eckman) ဟူသောသူရှိခဲ့သည်။ သူမသည် သခင်ယေရှုကို ချစ်သောသူဖြစ်သည်၊ သို့သော် သူသည် စိတ်ဓာတ်ကျလေ့ရှိပြီး ကောင်းကင်သို့သွားရန် မတော်လျော်ဟု မကြာခဏစိုးရိမ်ပူပန်ခဲ့သည်။ တစ်နေ့မှာ သူမသည် အယ်လင်ဝှိုက်ထံသို့ သူမ၏စိတ်ဓာတ်ကျခြင်းအကြောင်းကို ရေးခဲ့သည်။

အယ်လင်ဝှိုက်သည် သူမ၏မိတ်ဆွေသူငယ်ချင်းကို အထူးအားပေးမှုတစ်ခုပေးဖို့ ဆုံးဖြတ်လိုက်သည်။ ရိုးရိုးရှင်းရှင်းဖြင့် သူမသည် ကောင်းကင်နိုင်ငံတော်သို့သွားရန်အတွက် အဆင်သင့်ဖြစ်ရန် ရှင်းပြခဲ့သည်။

“ကျွန်ုပ်သည် ယေရှုကိုယုံကြည်သည်။ ကျွန်ုပ်၏ကယ်တင်ရှင်သည် ကျွန်ုပ်ကိုချစ်ကြောင်းနှင့် ကျွန်ုပ်၏ယေရှုကို ကျွန်ုပ် ချစ်သည်ကို ကျွန်ုပ်သိပါသည်။ ကျွန်ုပ်၏မစုံလင်မှုများရှိသော်လည်း သူ၏ချစ်ခြင်းမေတ္တာ၌ ကျွန်ုပ်တည်နေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်၏ကိုယ်စား ယေရှု၏စုံလင်ခြင်းကို လက်ခံခဲ့သည်။ သူသည် ကျွန်ုပ်၏ဖြောင့်မတ်ခြင်းနှင့် သူ၏ကောင်းမြတ်ခြင်းကို ကျွန်ုပ်ယုံကြည်ကိုးစားပါသည်။ ကျွန်ုပ်သည် သူ၏နောင်တရသော ယုံကြည်သူကလေးသူငယ် ဖြစ်သည်။ သူသည် ကျွန်ုပ်၏အပြစ်များသော အဝတ်များကို ပယ်ရှားပြီး၊ သူ၏ဖြောင့်မတ်ခြင်းဝတ်လုံနှင့် အကျွန်ုပ်ကိုဖုံးအုပ်ထားသည်။ ထိုဝတ်လုံကိုဝတ်ဆင်လျက် ခမည်းတော်၏ရှေ့မှောက်၌ ဖြောင့်မတ်သောသူအဖြစ် ကျွန်ုပ်ရပ်တည်သည်။”

**လက်တွေ့ကျင့်သုံးရန်။** သင်သည်ဘယ်တော့မှ “ကောင်းမြတ်သောသူ” ဖြစ်လိမ့်မည်မဟုတ်ဟု ခံစားရဘူးပါသလား။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံသို့ ဝင်ရောက်နိုင်ရန်အတွက် မိမိကိုယ်ကိုဘယ်သောအခါမျှ ကောင်းအောင်မလုပ်နိုင်သည်မှာ မှန်ပါသည်။ သို့သော် စိတ်ဓာတ်မကျပါနဲ့။

သခင်ယေရှုသည် “ကောင်းမြတ်စုံလင်သောသူ” ဖြစ်သည်၊ ကျွန်ုပ်တို့သည် မိမိတို့အပြစ်များကို ဝန်ချတောင်းပန်ပါက သူသည် ထိုအပြစ်များကို ပယ်ရှားပြီး သူ၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့အား ပေးမည်ဖြစ်သည်။ ထိုနောက် သူက “ငါ၏ဝိညာဥ်တော်ကို သင်အထဲ၌ ထားမည်” ဟု ပြောဆိုထားသည်။



Amazing Facts

ထိုအရာသည် အပြစ်ကိုအောင်မြင်ဖို့ ကျွန်ုပ်တို့အား ပေးသောတန်ခိုးဖြစ်သည်။ ယေဇကျေလအနာဂတ္တိကျမ်း ၃၆း၂၅-၂၇။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ရှင်ပေါလုပြောထားသောအရာများကို ဂလာတိဩဝါဒ စာ ၂း၂၀ ကို ဖတ်ပါ။

## ဗုဒ္ဓဟူးနေ့ | နောက်ဆုံးစမ်းသပ်ချက် ၄

နှစ်ပေါင်းထောင်နှင့်ချီ၊ စာတန်သည် လူများကို ဘုရားသခင်အစား၊ မိမိအား ကိုးကွယ်စေလိုသည်။ ထို့ကြောင့် သူသည် စတုတ္ထပညတ်ကို အထူးမုန်းသည်။ ထွက်မြောက်ရာကျမ်း ၂၀:၈-၁၁။ ထို့ကြောင့် သူသည် ကက်သလစ်အသင်းတော်အားဖြင့် ဝတ်ပြုကိုးကွယ်ရာနေ့ကို တနင်္ဂနွေနေ့သို့ ပြောင်းလဲဖို့ရန် လုပ်ဆောင်ခဲ့သည်။ ထို့အပြင် ယခုတွင်၊ ပရိုတက်စတင့်အသင်းတော် အများစုတို့သည်လည်း တနင်္ဂနွေနေ့ကို စောင့်ထိန်းခဲ့ကြသည်။ ယနေ့ လူအများစုသည် ဝတ်ပြုကိုးကွယ်ရာနေ့၏အရေးကြီးမှုကို နားမလည်ကြသော်လည်း ဤအရာသည် ဘုရားသခင်နှင့် စာတန်အကြား နောက်ဆုံးကြီးမားသောတိုက်ပွဲ၌ အဓိကပြဿနာ ဖြစ်လာလိမ့်မည်။ ဗျာဒိတ် ကျမ်း ၁၂း၁၇။

အချိန်ကာလ၏အဆုံးသည် နီးကပ်လာသည်နှင့်အမျှ၊ ဤကမ္ဘာပေါ်သို့ ပို၍များစွာသောကပ်ဘေးဒဏ်များ ကျရောက်စေဖို့ စာတန်ကို ခွင့်ပြုမှာဖြစ်သည်။ ထိုအခါ လူသိများထင်ရှားကျော်ကြားသောအသင်းတော်များသည် ဤအတွက် ဘုရားသခင်၏လူများကို အပြစ်တင်လိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် သူတို့ (ဘုရားသခင်၏လူများတို့) သည် သတ္တမနေ့ကို သန့်ရှင်းစွာစောင့်ထိန်းကြသောကြောင့် ဖြစ်သည်။ လူတိုင်းသည် တနင်္ဂနွေနေ့ကို သန့်ရှင်းစွာစောင့်ထိန်းမည်ဆိုပါက ဘေးအန္တရာယ်အားလုံး ရပ်တန့်သွားလိမ့်မည်ဟု ယုံကြည်ခြင်းအားဖြင့်၊ သူတို့သည် အမေရိကန်ပြည်ထောင်စုမှ လူများအား တနင်္ဂနွေနေ့တွင် စောင့်ထိန်းကြရန် တင်းကျပ်သော ဥပဒေများပြဌာန်းပေးရန် တောင်းဆိုကြလိမ့်မည်။

ကက်သလစ်အသင်းတော်သည် တနင်္ဂနွေနေ့ဝတ်ပြုရေးကို အကောင်အထည်ဖော်ရန် အမေရိကန်ပြည်ထောင်စုကို ကူညီလိမ့်မည်ဟု ကျမ်းစာ၏ကြိုတင်ဟောထားချက် (ဗျာဒိတ်ကျမ်း ၁၃) ကို ကျွန်ုပ်တို့ လေ့လာခဲ့ပြီး ဖြစ်သည်။ ထိုကဲ့သို့သော ဥပဒေမျိုး လုပ်ဆောင်ဖို့ရန် အမေရိကန်ပြည်ထောင်စုက သဘောတူမှာလား။ ဟုတ်ကဲ့၊ သဘောတူပါလိမ့်မည်။ ထို့အပြင်၊ နောက်ဆုံးတွင် အခြားသောတိုင်းပြည်တိုင်းသည်လည်း သဘောတူလိမ့်မည်။

ဘုရားသခင်၏ကျန်ကြွင်းသောအသင်းတော်သည် ဤဥပဒေများကို နာခံပါမည်လား။ နာမခံပါ။ အမှန်တရားကို ချစ်မြတ်နိုးသူများသည် မုန်းတီးခြင်း၊ ပြင်းထန်စွာအပြစ်ပေးခြင်း သို့မဟုတ် အသေသတ်ခြင်းခံရမည်ဟုဆိုလိုနေသော်လည်း သူတို့သည် ဘုရားသခင်အား ရဲရင့်စွာ၊ ကြောက်ရွံ့မှုကင်းမဲ့စွာ နာခံမှုရှိပါလိမ့်မည်။

ထိုအချိန်တွင် ဘုရားသခင်သည် မိမိ၏သစ္စာရှိသောသူများ၊ ဆုတောင်းနေသောသူတို့အား အထူးဆုကျေးဇူးတစ်ခု ပေးလိမ့်မည်။ ၎င်းကို နောက်မိုး ဟုခေါ်သည်။ ယောလအနာဂတ္တိကျမ်း ၂း၂၃။ သန့်ရှင်းသောဝိညာဥ်တော်၏ တန်ခိုးတော်အားဖြင့် သူတို့သည် လူများအား သားရဲကို မကိုးကွယ်ရန်နှင့် သားရဲ၏အမှတ်လက္ခာတံဆိပ်ကို လက်မခံရန် ရှင်းလင်းစွာ သတိပေးသော တတိယကောင်းကင်တမန်၏ သတင်းစကားကို ကမ္ဘာတစ်ဝန်းသို့ ဟောပြောလိမ့်မည်။ ဗျာဒိတ်ကျမ်း ၁၄း၉-၁၁။

လူတိုင်းသည် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာပြဿနာသည် သစ္စာစောင့်သိမှုကို စမ်းသပ်ခြင်းဖြစ်ကြောင်းကို ရှင်းလင်းစွာ နားလည်လာကြလိမ့်မည်။ လူတစ်ဦးစီတိုင်းသည် ရွေးချယ်ကြရလိမ့်မည်ဖြစ်သည်၊ “ကျွန်ုပ်သည် ဘုရားသခင်၏အခွင့်အာဏာ အမှတ်လက္ခဏာကို လက်ခံပြီး သတ္တမနေ့မှာ ဝတ်ပြုကိုးကွယ်မည်လား။ သို့မဟုတ် စာတန်၏ အခွင့်အာဏာအမှတ်လက္ခဏာကို လက်ခံပြီး တနင်္ဂနွေနေ့မှာဝတ်ပြုကိုးကွယ်မည်လား။”

ဘုရားသခင်ကိုနာခံရန် ရွေးချယ်သူများသည် သတိပေးချက်ကို ဂရုပြုကြပြီး၊ ကျဆုံးသောအသင်းတော်များကို စွန့်ခွာကြလိမ့်မည်။ ဗျာဒိတ်ကျမ်း ၁၄း၈၊ ၁၈း၁-၄။ သူတို့သည် ဘုရားသခင်၏တံဆိပ်ကို လက်ခံကြလိမ့်မည်။ ဗျာဒိတ်ကျမ်း ၇း၁-၃။ စာတန်ကိုနာခံရန် ရွေးချယ်သောသူများသည် သားရဲ၏တံဆိပ်ကို လက်ခံကြလိမ့်မည်။ ဗျာဒိတ်ကျမ်း ၁၃း၁၅-၁၇။

လူတိုင်းသည် နောက်ဆုံးဆုံးဖြတ်ချက်ကို ချမှတ်ပြီးသောအခါ ဂရုဏာတံခါးသည် ပိတ်သွားလိမ့်မည်။ ကောင်းကင်တဲတော်၌ သခင်ယေရှု၏အမှုထမ်းခြင်းသည် ပြီးဆုံးလိမ့်မည်။ ထို့နောက် ယေရှုသည် အဘယ်လေးနက်သောကြေညာချက် ထုတ်ပြန်မည်နည်း။ ဗျာ ဒိတ်ကျမ်း ၂၂း၁၁။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့သည် “သေးငယ်သော” နေ့တိုင်းရွေးချယ်မှုများတွင် သခင်ယေရှုခရစ်တော်အား သစ္စာမရှိပါက ဤအရေးကြီးသောကိစ္စတွင် မှန်ကန်သောရွေးချယ်မှုကို ပြုလုပ်နိုင်လိမ့်မည်လား။ ရှင်လုကာခရစ်ဝင် ၁၆း၁၀။ အခြားသောမည်သည့် အရာများထက် အမှန်တရားကိုချစ်မြတ်နိုးဖို့ရန်နှင့် အမှန်တရားအတွက် နေ့တိုင်း ရဲရင့်စွာရပ်တည်ဖို့ရန် အကူအညီကို ဘုရားသခင်အား ဆုတောင်းလျှောက်ပါ။ တမန်တော်ဝတ္ထု ၄း၂၉။

## ကြာသပတေးနေ့ | ဘုရားသခင်နဲ့ နပန်းလုံးခြင်း ၅



Amazing Facts

သားရဲကို ကိုးကွယ်သောသူတို့သည် ဘုရားသခင်၏အမျက်တော်ကိုခံရမည်ဟု လောက၌ရှိသောလူသား အပေါင်းတို့ သည် သတိပေးခံရကြလိမ့်မည်။ နောက်ဆုံး၌ ဘုရားသခင်အား ပုန်ကန်ရန် ရွေးချယ်သူများသည် ဘုရားသခင်ကိုသစ္စာစောင့်သိပြီး ဥပုသ်နေ့ကို သန့်ရှင်းစွာစောင့်ထိန်းနေဆဲရှိသော အနည်းငယ်သောလူစုတို့အား အလွန်စိတ်ဆိုးကြလိမ့်မည်။ ထို့နောက် မတရားသောလူဆိုးတို့သည် မည်သို့ဖြစ်သွားမည်နည်း။ ဗျာဒိတ်ကျမ်း ၁၄း၉၊ ၁၀။ ဤကြောက်မက်ဖွယ်ကောင်းသော ဘေးဒဏ်ခုနစ်ပါးကြောင့် သူတို့သည် နောင်တရကြမည်လား။ ဗျာဒိတ်ကျမ်း ၁၆း၁၊ ၁၁။

ဤအချိန်ကာလအတောအတွင်းတွင် ဘုရားသခင်သည် မိမိလူတို့ကို ကာကွယ်လိမ့်မည်။ သူတို့ထဲက တစ်ယောက်ယောက်က ဤကပ်ဘေးဒဏ်များကို ခံရမည်လား။ ဗျာဒိတ်ကျမ်း ၁၆း၂။ ဘုရားသခင်သည် မိမိလူတို့အား ထိုအချိန်ကာလအတွက် အဘယ်ကတိတော်များကို ပေးထားသနည်း။ ဆာလံကျမ်း ၃၄း၇၊ ၁၇၊ ၁၈၊ ၉၁း၁-၁၀။